မြေးခံဘော်ကျေးရွာ
ထားဝယ်မြို့နယ်၊ ထားဝယ်ခရိုင်
တနင်္သာရီတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၇ - ၂၀၂၁)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
မြေးခံဘော်ကျေးရွာ၊ ထားဝယ်မြို့နယ်
(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	မြေးခံဘော်ကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ ထားဝယ်မြို့နယ်	၅
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၆
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	၆
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၆
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၆
	(က) သီးနှံ စိုက်ပျိုးရေး	၆
	(ခ) မွေးမြူရေးလုပ်ငန်း	၇
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၇
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၈
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	၈
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၈
	(ခ) ကျေးရွာ မီးလင်းရေး	၈
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၉
၆။	**ပညာရေး**	၉
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၉
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၀
၉။	**ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	၁၁
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	၁၂
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၃
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၄
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၄၉
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	၅၂
	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂)	၅၄
	နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃)	၅၆

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ ကျေးရွာ၏ လူထုအများစု ပူးပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၁၇/၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၀၂၁ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို

ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဧယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဧယား၊ ဦးစားပေးစီမံချက် အဆိုပြုလွှာစသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။


ဒီဇင်ဘာလ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မြေးခံဘော်ကျေးရွာ

ထားဝယ်မြို့နယ်

မြေးခံဘော်ကျေးရွာ သယ်ဇာတပြမြေပုံ၊ ထားဝယ်မြို့နယ်



၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

မြေးခံဘော်ကျေးရွာသည် ထားဝယ်-မေတ္တာကားလမ်းပေါ်ရှိ ကျောက်မဲတောင်ကျေးရွာမှ (၁၃)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ အိမ်နီးချင်းကျေးရွာများဖြစ်သော ညောင်တုန်းကျေးရွာ၊ ဆိတ်ဖြူးကျေးရွာတို့နှင့် ဆက်စပ်လျက်ရှိနေပါသည်။ ကျေးရွာ၏မြေအနေအထားသည် မြေပြန့်ဒေသဖြစ်သည်။ ကျေးရွာတွင် ကရင်လူမျိုးများ အများစုနေထိုင်ပြီး ဗမာလူမျိုးမှာ လူနည်းစုဖြစ်ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

မြေးခံဘော်ကျေးရွာသည် တစ်နှစ်ပျမ်းမျှ မိုးရေချိန် လက်မ ၈၀ မှ ၁၀၀ ပတ်ဝန်းကျင်တွင်ရှိပြီး ဥယျာဉ်ခြံလုပ်ငန်းများအတွက် အထောက်အကူပြုပါသည်။ ကျေးရွာတွင် ခါတ်ငွေ့နှင့် ရေနံကဲ့သို့သော သဘာဝအရင်းအမြစ်များ ထွက်ရှိမှု မရှိပါ။ အိမ်ခြံမြေများတွင်လည်း ရာသီအလိုက် ဟင်းသီးဟင်းရွက်ပင်များကို အနည်းအကျဉ်း စိုက်ပျိုးကြပါသည်။ မြေဆီလွှာ အရည်အသွေးတမှာ အသင့်အတင့် ကောင်းမွန်ပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

မြေးခံဘော်ကျေးရွာတွင် ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေမှာ ကောင်းမွန်ပါသည်။ ကျေးရွာတွင် အသင်းတော်နှင့် လူငယ်အဖွဲ့တို့သာ ရှိပါသည်။ ကျေးရွာကာလသားကာလသမီးအဖွဲ့သည် ကျေးရွာ၏သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားတက်သရော စုပေါင်း လုပ်ဆောင်ကြပါသည်။ ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့် တစ်ဖွဲ့ စုစည်းညီညာစွာဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် အားတက်သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။

မြေးခံဘော်ကျေးရွာ၏ ကျန်းမာရေးအတွက် World Vision အဖွဲ့အစည်းမှ လာရောက် ထောက်ပံ့ပေးနေပြီး TNRP အဖွဲ့အစည်းမှ သစ်တောထိန်းသိမ်းရေးဆိုင်ရာ ဗဟုသုတများကို အသိပညာများလက်ဆင့်ပေးခြင်းဖြင့် ကျေးရွာလူထုကို ဖွံ့ဖြိုးတိုးတက်စေပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

မြေးခံဘော်ကျေးရွာတွင် မြေယာမဲ့ တောင်သူအိမ်ထောင်စုမှာ စုစုပေါင်း အိမ်ထောင်စု၏ (၄.၈၆%)ရှိပါသည်။ ၂.၅ ဧကအောက် ဆင်းရဲသားတောင်သူ (၄၂) အိမ်ထောင်စု၊ ၂.၅ ဧကမှ ၅ ဧကထိ တောင်သူငယ် (၁၂၀) အိမ်ထောင်စု၊ ၅ ဧကမှ ၁၂.၅ ဧကကြား တောင်သူလတ် (၉၀)

အိမ်ထောင်စု စသည်တို့ ရှိကြပြီး ဥယျာဉ်ခြံလုပ်ငန်းကိုသာ အားထား စိုက်ပျိုးကြပါသည်။ မြေယာမဲ့အိမ်ထောင်စုများသည် (၁၆)အိမ်ထောင်စုရှိပြီး အများစုသည် နေ့စားကျပန်း လုပ်ငန်းများကို လုပ်ကိုင်နေကြပါသည်။

ကျေးရွာတွင် အဓိကစိုက်ပျိုးသီးနှံမှာ ကွမ်းသီးဖြစ်သည်။ စိုက်ပျိုးနည်းစနစ်များမှာ မိရိုးဖလာစိုက်ပျိုးနည်းစနစ်များကိုသာ ကျင့်သုံးနေဆဲဖြစ်သည်။ ဥယျာဉ်ခြံပိုင်ရှင်များသည် ငွေကြေးမလုံလောက်သဖြင့် ကျန်ရှိသော ခြံမြေဧကများတွင် စိုက်ပျိုးထားသော အသီး မသီး သေးသည့် အပင်ငယ်များကို တောခုတ်ရှင်းလင်းခြင်း၊ ပြုပြင်ခြင်းများ မပြုလုပ်နိုင်ကြပေ။ မြို့ကြီးများနှင့် အလှမ်းဝေး သောကြောင့် သီးနှံမျိုးစေ့ရရှိနိုင်မှု၊ သဘာဝမြေဆွေး/ အော်ဂဲနစ် သွင်းအားစုများ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒ သွင်းအားစုများ အလွယ်တကူ မရရှိနိုင်ပေ။

သီးနှံစိုက်ပျိုးရေးအတွက် မိုးရေဖြင့်သာ အဓိက စိုက်ပျိုးကြပြီး ချောင်းရေယူ၍လည်း စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးအတွက် မြက်ရိတ်စက်နှင့် ဓါးကိုသာ အသုံးပြုကြပါသည်။ စိုက်ပျိုးရေးအတွက် အခြားသော စိုက်ပျိုးရေးသုံးကိရိယာများ သုံးစွဲခြင်းမရှိပါ။ ဥယျာဉ်ခြံစိုက်ပျိုးရာတွင်လည်း ကြွက်၊ ရှဉ့်ကဲ့သို့သော ဖျက်ပိုးကောင်များက သီးနှံပင်များကို ဖျက်စီးခြင်းလည်း ကြုံတွေ့နေရပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

မြေးခံဘော်ကျေးရွာတွင် ကြက်မွေးမြူထားသည့် အိမ်ထောင်စု (၁၅၀) အိမ်ရှိပြီး ကြက်ကောင်ရေ (၁၈၀) ကောင်၊ ဘဲမွေးမြူထားသည့် အိမ်ထောင်စု (၃) စုမှ (၁၀) ကောင် စသည်ဖြင့် မွေးမြူ ကြပြီး စီးပွားဖြစ် မွေးမြူရေးလုပ်ကိုင်သည့် အိမ်ထောင်စုများမရှိပါ။ မျိုးကောင်းမျိုးသန့်များ အလွယ်တကူမရရှိနိုင်ခြင်းနှင့် ဈေးကွက်လက်လှမ်းမီမှု မရှိခြင်းများကြောင့် မွေးမြူရေးလုပ်ကိုင်သူ နည်းပါးခြင်းဖြစ်ပါသည်။

မြေးခံဘော်ကျေးရွာတွင် မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် အခွင့်အလမ်းများမှာ စားကျက်မြေ ရရှိနိုင်ပါသည်။ စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်မည်ဆိုပါ က မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့်အတွေ့အကြုံ၊ အသိပညာများ ဖြည့်ဆည်းလုပ်ဆောင်ရန် လိုအပ်နေပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

မြေးခံဘော်ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများမှာ ဆိုင်ကယ်ပြင်လုပ်ငန်း၊ ပို့ဆောင်ရေးလုပ်ငန်း၊ ကုန်စုံဆိုင်စသည်ဖြင့် လုပ်ကိုင်ကြပါသည်။

ဥယျာဉ်ခြံများတွင် အင်္ဂါးလိုက်လုပ်သူ၊ တောင်ယာစိုက်ပျိုးရေးတွင် အင်္ဂါးလုပ်သူစသည့် ကျပန်းလုပ်ငန်းသူများလည်း ရှိပါသည်။

စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ၏ ပြဿနာမှာ ဈေးကွက်ဆိုင်ရာအသိအမြင်ရှိမှု အားနည်းခြင်း၊ အခြားဒေသထွက်ကုန်များမှာလည်း ဈေးကွက်မရှိခြင်း၊ (၂၄)နာရီ လျှပ်စစ်မီး မရရှိသေးသည့်အတွက် တစ်ပိုင်တစ်နိုင် အိမ်တွင်းမှုလုပ်ငန်းများ မဆောင်ရွက်နိုင်ပေ။ အလုပ်နှင့်လိုက်လျောညီထွေဖြစ်သော အတတ်ပညာများ ကျွမ်းကျင်စွာ တတ်မြောက်မှုမရှိခြင်းတို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

မြေးခံဘော်ကျေးရွာတွင် ဥယျာဉ်ခြံလုပ်ကိုင်သူများသည် ပွဲရုံလုပ်ငန်းရှင်ထံမှ ကြိုတင်ငွေယူ၍ ရာသီပေါ်သီးနှံထွက်ချိန်တွင် ခြံထွက်သီးနှံများဖြင့် ပြန်လည်ပေးချေရပါသည်။ မိသားစုစားဝတ်နေရေးကိစ္စများ၊ အရေးပေါ်ကိစ္စများနှင့် ကြုံသည့်အချိန်တွင် ကျေးရွာတွင် ငွေချေးသူများ၊ ဆွေမျိုးမိတ်ဆွေများမှလည်း အတိုးနှုန်းကြီးစွာဖြင့် ချေးယူနေရသဖြင့် အတိုးနှုန်းသက်သာသည့် ကာလရှည်ချေးငွေ ဝန်ဆောင်မှုရရှိရန် လိုအပ်နေပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

မြေးခံဘော်ကျေးရွာသည် မြို့နှင့်အလှမ်းဝေးပြီး သွားလာရခက်ခဲပါသည်။ ကျေးရွာ၏ ပို့ဆောင်ရေးကဏ္ဍာတွင် မော်တော်ယာဉ် (၉) စီးနှင့် မော်တော်ယာဉ်ဆိုင်ကယ် (၂၁၀) စီးနှင့် နွားလှည်း (၈၆) စီး စသည်ဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုနေကြပါသည်။

ကျေးရွာတွင်းလမ်းများသည် ပျက်စီးနေပြီး သွားလာရခက်ခဲခြင်း၊ လမ်းပျက်စီးခြင်းများဖြစ်ပေါ်နေပါသည်။ ကျေးရွာချင်းဆက်မြေသားလမ်းသည် မိုးတွင်းကာလများတွင်လမ်းများပေါ်သို့ ရေကျော်ပြီး ဗွက်များ၊ ချိုင့်များဖြစ်ကာ သွားလာရ အဆင်မပြေမှုများ ရှိနေပါသည်။ ရန်ပုံငွေများရရှိနိုင်ပါက မြေသားလမ်းများအား ကျောက်ခင်းလမ်းများအဖြစ် အဆင့်မြှင့်တင်လိုကြပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

မြေးခံဘော်ကျေးရွာ၏ ယခုလက်ရှိတွင် ဓါတ်အားလိုင်းမှ လျှပ်စစ်မီးမရရှိသေးပါ။ ကျေးရွာတွင် ဆိုလာနစ် အသုံးပြုနေကြသည့် အိမ်ထောင်စု (၂၃၀)စုရှိပြီး၊ ဒီဇယ်အင်ဂျင်စနစ်နှင့် အခြားနည်းစနစ်များဖြင့် မီးသုံးစွဲနေသော အိမ်ထောင်စု အနည်းငယ် ရှိပါသည်။ လျှပ်စစ်မီးရရှိလာပါက ကျောင်းသား/သူများ၏ ပညာရေးတိုးတက်လာစေမှုနှင့် ကျေးရွာ

အတွင်း အသေးစားစီးပွားရေးလုပ်ငန်းများ တိုးတက်လာစေမှုကို အထောက်အပံ့ ဖြစ်စေနိုင်ပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

မြေးခံဘော်ကျေးရွာတွင် ဆက်သွယ်ရေးအားဖြင့် အထိုင်ဖုန်းများသာ လိုင်းကောင်း၍ လက်ကိုင်ဖုန်းများမှာ လိုင်းမကောင်းပါ။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၁၀) လုံး၊ ရေဒီယို (၂၀) လုံး၊ တီဗွီ (၁၄၆) လုံး၊ ဂြိုလ်တုစလောင်း (၉၆) လုံး စသည်တို့မှ ရရှိပါသည်။ ကျေးရွာတွင် (၂၄)နာရီ မီးလင်းမှုမရရှိသေးသဖြင့် အချိန်နှင့်တပြေးညီ အားသွင်းခြင်း မပြုလုပ်နိုင်သည့်အတွက် သတင်းအချက်အလက်များ အချိန်မီ မသိရှိနိုင်ခြင်းများရှိပါသည်။ ကျေးရွာ၏အချို့နေရာများတွင် ဖုန်းလိုင်းမမိသည့်အခြေအနေများ ရှိပါသည်။ ထိုကြောင့် ကျေးရွာတွင် ဖုန်းလိုင်းနှင့် အင်တာနက်လိုင်းများ ကောင်းရန်အတွက် လိုအပ်နေပါသည်။

၆။ ပညာရေး

မြေးခံဘော်ကျေးရွာတွင် အလယ်တန်းအဆင့်ပညာရေးကို သင်ကြားနိုင်ပြီး (၁၃)မိုင် ကွာဝေးသည့် တောင်သုံးလုံးကျေးရွာရှိ အထက်တန်းကျောင်းကို သွားရောက် သင်ကြားရပါသည်။ မူလတန်းပညာပြီးမြောက်မှုမှာ စုစုပေါင်းလူဦးရေ၏ (၆၈၇)ဦးရှိပြီး တက္ကသိုလ်ပညာပြီးဆုံးသူလူဦးရေမှာ ပညာတတ်အရည်အတွက် အလွန်ပင်နည်းပါးကြောင်း တွေ့ရှိရသည်။ အထက်တန်းပညာဆည်းပူးရန် လမ်းပမ်းဆက်သွယ်ရေးအခက်အခဲရှိခြင်း၊ ငွေကြေးမတတ်နိုင်ခြင်းတို့ကြောင့် မူလတန်းဖြင့်ပင် ပညာရေးပြီးဆုံးသည်မှာ များနေရခြင်းဖြစ်သည်။

မြေးခံဘော်ရှိစာသင်ကျောင်းသည် ကျေးရွာအတွင်းတွင် ရှိသောကြောင့် ကျောင်းသား/သူများ ခြေလျင်၊ စက်ဘီးတို့ဖြင့် သွားလာကြပါသည်။ စာသင်ကျောင်း၏အမိုး၊ မျက်နှာကျက်သည် ပျက်စီးမှုရှိပြီး ပြန်လည်ပြုပြင်ရန် လိုအပ်နေပါသည်။ ဆရာ/ဆရာမများအတွက်လည်း ဝန်ထမ်းအိမ်ယာတစ်လုံး ဆောက်လုပ်ပေးရန် လိုအပ်နေပါသည်။

၇။ ကျန်းမာရေး

ကျန်းမာရေးဦးစီးဌာနမှ နှစ်စဉ်နှစ်တိုင်း ကျေးရွာအထိ လိုအပ်သည့် ကာကွယ်ဆေးများအား လာရောက်ထိုးပေးလျက်ရှိပြီး၊ အာဟာရပညာပေး အစီအစဉ်များလည်း ဟောပြောပေးလေ့ရှိပါသည်။ ကျန်းမာရေးဝန်ဆောင်မှုအတွက် ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးဝန်ထမ်းများက အဓိကအားဖြင့် ငှက်ဖျား၊ တုပ်ကွေး၊ ဝမ်းပျက်ဝမ်းလျောရောဂါဖြစ်ပွားပါက သွားရောက်ကုသမှု ခံယူကြသည်။ အရေးပေါ်အခြေအနေတွင် ထားဝယ်မြို့နယ်

ဆေးရုံကြီးနှင့် ကုတင် (၁၀၀) စစ်ဆေးရုံနှင့် ပုဂ္ဂလိကဆေးရုံတို့တွင် သွားရောက်ကုသမှု ခံယူကြသည်။

မြေးခံဘော်ကျေးရွာရှိ အိမ်ထောင်အများစုသည် သောက်သုံးရေအတွက် ရေတွင်း (၁) တွင်းနှင့် ချောင်းရေကိုသာ အဓိက အသုံးပြုကြပါသည်။ ကျေးရွာတွင် ကျင်းအိမ်သာ သုံးစွဲသောအိမ်ထောင်စု(၄)စု၊ မြေပေါ်အိမ်သာသုံးစွဲသောအိမ်ထောင်စု (၁၀၈)စုနှင့် ကျန်အိမ်ထောင်စုများမှာ တောထိုင်များကို အသုံးပြုကြပါသည်။ ထိုကြောင့် အိမ်တိုင်းစေ့ သန့်ရှင်းသောယင်လုံအိမ်သာသုံးစွဲမှု တိုးတက်လာစေရန် အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်နေပါသည်။

၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြသော်လည်း လယ်ယာသုံး သွင်းအားစုများ ဝယ်ယူရခြင်း၊ ငှားရမ်းလုပ်ကိုင်ရခြင်းကြောင့် စားနပ်ရိက္ခာဖူလုံမှု လျော့နည်းပါသည်။ စိုက်ပျိုးရေအတွက် မိုးရေကိုသာ အားထားပြီး စိုက်ပျိုးကြပါသည်။ အချို့အိမ်ထောင်စုများသည် တောင်ယာစနစ်ကို စိုက်ပျိုးကြသောကြောင့် သစ်တောပြုန်းတီးမှု အနည်းငယ်ရှိပါသည်။ မိုးရာသီတွင် ငှက်ဖျားရောဂါဖြစ်ပွားမှု အနည်းငယ်ရှိပြီး တီဘီရောဂါလူနာ အနည်းငယ် ရှိပါသည်။ ကျေးရွာသူ၊ ကျေးရွာသားများသည် စည်းစည်းလုံးလုံးနှင့် အတူတကွ နေထိုင်ကြသဖြင့် ပဋိပက္ခများ မရှိပါ။ ကျေးရွာတွင် လူကုန်ကူးမှုများ ဖြစ်ပွားခြင်း မရှိပေ။

ကျေးရွာ၏မြေဆီလွှာအနေအထားသည် အသင့်အတင့် ကောင်းမွန်ပါသည်။ စိုက်ပျိုးကာလတွင် လောင်မီးပိုးများ၊ ရွက်လိပ်ပိုးနှင့် ကြွက်များဖျက်စီးခြင်းကြောင့် ပျက်စီးဆုံးရှုံးမှု ရှိပါသည်။ စိုက်ပျိုးရေးအတွက် မိုးရေကိုသာ အသုံးပြုသော်လည်း မိုးများသော ဒေသဖြစ်၍ အခက်အခဲမရှိပါ။

မြေးခံဘော်ကျေးရွာတွင် ယခုလက်ရှိအချိန်အထိ သဘာဝဘေးအန္တရာယ် ကျရောက်မှု မရှိပါ။ အကယ်၍ ဘေးအန္တရာယ်ကျရောက်မည်ဆိုပါက ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများလည်း ထားရှိမှုမရှိပါ။ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာလျှင် ထိခိုက်လွယ်မည့်အုပ်စုအနည်းငယ်ရှိနိုင်ပါသည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအနေဖြင့် အမှိုက်စွန့်ပစ်ရာတွင် စည်းစနစ်တကျမရှိဘဲ စည်းကမ်းမဲ့စွာ စွန့်ပစ်လျက်ရှိပါသည်။ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရမည့် စီမံချက်များမရှိသည့်အတွက် လိုအပ်သည်များကို ပြုလုပ်ပေးရန်နှင့် အမှိုက်များ စနစ်တကျ စွန့်ပစ်ရန်အတွက် နည်းလမ်းပြမှုများ ၊ ပညာပေးဟောပြောပွဲများ ပြုလုပ်ရန် လိုအပ်လျက်ရှိပါသည်။

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

မြေးခံဘော်ကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးနှင့် အမျိုးသားဦးရေမှာ အတူတူပင်ဖြစ်သည်။ ကျား/မဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြသည်။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာ ရရှိသည်ဟု ယေဘုယျအားဖြင့် ပြောနိုင်သည်။ သို့သော်လည်း ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုရကြပါသည်။

ကျေးရွာ၏ ကျေးရွာစီမံအုပ်ချုပ်မှုအပိုင်းတွင် အမျိုးသမီးများပါဝင်မှု မရှိ သော်လည်း ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြပါသည်။ အမျိုးသမီး အကြမ်းဖက်မှုများ မရှိသော်လည်း အကြမ်းဖက်မှု များတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာများ သိရှိမှု အားနည်းကြပါသည်။

၁၀။ မြေးခံဘော်ကျေးရွာဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် - မြေးခံဘော်			ကျေးရွာအမည် - မြေးခံဘော်	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
၁	စိုက်ပျိုးရေး	နည်းပညာ	မြေဆီလွှာ ပြုပြင်ထိန်းသိမ်းနည်း သင်တန်းများ စီစဉ်ခြင်း။	
၂	စိုက်ပျိုးရေး	နည်းပညာ	ပိုးမွှား၊ ရောဂါ ကာကွယ်နှိမ်နှင်းရေး နည်းပညာသင်တန်း / ဟောပြောပွဲများ စီစဉ်ဆောင်ရွက်ခြင်း။	
၃	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	လက်ရှိလူငယ်အဖွဲ့အား စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ ပြုလုပ်ခြင်း။	
၄	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	စာကြည့်တိုက် ဆောက်လုပ်ပေးခြင်း။	
၅	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	လူငယ်အဆောက်အဦ (Youth Center) ဆောက်လုပ်ပေးခြင်း။	
၆	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	သင်ထောက်ကူပစ္စည်းများနှင့် ကျောင်းသုံးပရိဘောဂများ လုံလောက်အောင် ချထားပေးခြင်း။	
၇	ကျန်းမာရေး	ကျန်းမာရေးပညာပေး၊ ကျောင်း ကျန်းမာရေး	ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ ပုံမှန်စီစဉ်ပေးခြင်း။	
၈	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ကျေးရွာချင်းဆက် မြေသားလမ်းများအား ကွန်ကရစ်လမ်းအဖြစ်သို့ အဆင့်မြှင့်တင်ပေးခြင်း။	
၉	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	လမ်းဘေးဝဲယာ ရေမြောင်းများ တူးဖော်ပေးခြင်း။	
၁၀	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ကျေးရွာအဝင်လမ်းပေါ်ရှိ သစ်သားတံတားအား ကွန်ကရစ်တံတား တည်ဆောက်ပေးခြင်း။	

မြေးခံဘော်ကျေးရွာ၊ မြေးခံဘော်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	စောထူးဝါး	စောလုကာ	ဖ/ထဝန(နိုင်)၀၀၄၄၂၂	၄၈	နာယက	၀၉-၄၉၈၅၁၅၃
၂	စောဆာမိုးလို	စောပေါ်လယ်	မရှိ	၃၄	ဥက္ကဋ္ဌ	-
၃	စောဂျိုးကပ်ကယ်	စောကြာထွန်းမောင်	ဖ/ထဝန(နိုင်)၀၉၈၀၂၂	၃၀	အတွင်းရေးမှူး	-
၄	စောထိုကွီးစော	စောဖားတေး	-	၄၅	အဖွဲ့ဝင်	-
၅	စောဖူးဒါးဟဲ	-	-	၃၂	အဖွဲ့ဝင်	-
၆	စောထီနေမူးဒီ	စောမောင်မောင်	ဖ/ထဝန(နိုင်)၁၁၀၂၉၁	၃၀	စာရင်းစစ်	-
၇	နော်သောသီဖော	စောမိုးမြင့်	ဖ/ထဝန(နိုင်)၀၆၇၂၂၃	၄၅	ဘဏ္ဍာထိန်း	-
၈	နော်အေလာချိုချိုဦး	စောဖီးယာလေး	ဖ/ထဝန(နိုင်)၁၀၂၇၆၉	၃၃	စာရင်းကိုင်	-
၉	နော်လူစေးဖော	စောကြာထွန်းမောင်	ဖ/ထဝန(နိုင်)၀၉၀၃၅၅၄	၃၂	အဖွဲ့ဝင်	-
၁၀	နော်မူးဟ	စောဂျီဖိုး	-	၄၀	အဖွဲ့ဝင်	-

ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၃၃	၁၈	၅၁
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၁၁၈	၁၀၃	၂၂၁
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၁၁၃	၉၅	၂၀၆
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၁၆၈	၁၂၆	၂၉၄
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၃၄၂	၃၄၅	၆၈၇
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၃၀	၃၀	၆၀
စုစုပေါင်း		**၈၀၂**	**၇၁၇**	**၁၅၁၉**
စုစုပေါင်း အိမ်ထောင်စု		**၃၂၉**		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အိမ်ထောင်(၃၂၉)ရှိပြီး လူဦးရေ(၁၅၁၉)ဦးရှိပြီး အသက်(၁၅)နှစ်နှင့် (၆၀)နှစ်အထက် လူဦးရေ(၅၅%)ခန့်ရှိသည်။ အလုပ်မလုပ်နိုင်သည့် တစ်နှစ် အောက်နို့စို့အရွယ် (၃.၃၆%)၊ ၅ နှစ် အောက်ကလေးငယ်အရွယ် (၁၄.၅၅%)၊ မူလတန်း ကျောင်းသား အရွယ် (၁၃.၅၆%)၊ အလယ်တန်းကျောင်းသားအရွယ် (၁၉.၃၅%)၊ အလုပ်လုပ် နိုင်သည့်အရွယ် (၄၅.၂၃%)၊ သက်ကြီးအရွယ် (၃.၉၅%) ရှိပါသည်။ အလုပ်လုပ်နိုင်သည့် အရွယ် ကျား (၃၄၂) ဦး၊ မ (၃၄၅) ဦး စုစုပေါင်း (၆၈၇) ဦးရှိပြီး တစ်ရွာလုံး လူဦးရေ၏ (၄၅.၂၃)% ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၄.၆) ဦးနှုန်းရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅) ဦးနှုန်းထက် လျော့နည်းနေသော်လည်း ကျေးရွာ အတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် လူသားအရင်းအမြစ်ကောင်းများအဖြစ် ထောက်ပံ့မှုပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကို သာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကို သာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၃၀၀	၃၃၅	၀	မြင့်□လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	၀	မြင့်□လတ်□နိမ့်□
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂	၂	၀	မြင့်□လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၁	**လက်လီ-လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	၅	မြင့်□လတ်□နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်□လတ်□နိမ့်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကို သာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း:**				
	ကိုယ်ပိုင် လုပ်ငန်း:	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း:	-	-	-	မြင့်□လတ်□နိမ့်□
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း:	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း:	-	-	-	မြင့်□လတ်□နိမ့်□
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း:	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း:	-	-	-	မြင့်□လတ်□နိမ့်□
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း:	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း:	-	-	-	မြင့်□လတ်□နိမ့်□
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း:	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း:	-	-	-	မြင့်□လတ်□နိမ့်□
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း:	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း:	-	-	-	မြင့်□လတ်□နိမ့်□
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း:	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း:	-	-	-	မြင့်□လတ်□နိမ့်□
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း:	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း:	-	-	-	မြင့်□လတ်□နိမ့်□
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား:	၂၇	၃၅	၀	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း:	၁	၂	၅	မြင့်□လတ်□နိမ့်□
	စုစုပေါင်း:	**၁၄၆**	**၂၂၇**	**၁၈**	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင် လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု**"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ မြေးခံဘော်ကျေးရွာတွင် နေထိုင်သူများမှာ တိုင်ရင်းသားလူမျိုးများဖြစ်ပြီး အဓိကစိုက်ပျိုးရေးဖြစ်သော (ဥယျာဉ်ခြံ၊ တောင်ယာ)ကိုသာ မိသားစုတစ်ပိုင်တစ်နိုင် စားသုံးရေး အတွက် အဓိကထားစိုက်ပျိုးသည်။ အခြားလုပ်ငန်းများလည်း မရှိသလောက်နည်းပါးသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၀၀၀၀	၆၀၀၀	၆၀၀၀	၆၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	-	-	-	-
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	-	-	-	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ မြေးခံဘော်ကျေးရွာအတွင်း အခြားအလုပ်အကိုင်များမရှိသဖြင့် လယ်ယာလုပ်ငန်းကိုသာအဓိကထားလုပ်ကိုင်ကြပြီး နေ့စားကျားမ အချိုး (၆၀၀၀)ကျပ်မှ (၁၀၀၀၀) ကျပ်အထိရရှိသည်။ ဥယျာဉ်ခြံလုပ်ငန်းတွင် နေ့စားပုတ် ပြတ် အလုပ်လုပ်သူ ပိုမိုများပြားပြီး တစ်နေ့လျှင် အနည်းဆုံး အမျိုးသား (၁၀,၀၀၀)၊ အမျိုးသမီး (၆,၀၀၀) ကျပ် ရရှိပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၄၁၀	ကောင်း ☑	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ	၂၀၀၉	ကောင်း ☑	သင့်☑	ညံ့ ☐
ကိုင်း/ကျွန်းမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်	-	ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	**၂၄၁၉**	☒		

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ မြေးခံဘော်ကျေးရွာ၏ စိုက်ပျိုးရေးလုပ်ငန်းတွင် မိုးရေကိုသာ အဓိကထားအားကိုးနေရသော်လည်း မြေညြောကောင်းသဖြင့် တောင်ယာနှင့် ဥယျာဉ်ခြံမြေကိုသာ လုပ်ကိုင်ကြပါသည်။ ပိုးမွှားရောဂါကျရောက်မှုရှိသည့်အတွက် စိုက်ပျိုးရေးနှင့် ပတ်သက်သော နည်းပညာပေးသင်တန်းများ ပို့ချပေးရန်လိုအပ်နေပါသည်။ ကွမ်းသီးနှင့် ရာသီစာ သီးနှံ(အပင်နု)များ၊ ရော်ဘာပင်များကိုလည်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက် သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ☐ သင့်☐ နည်း☐ မရှိ☑	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ☐
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ☐ သင့်☑ နည်း☐ မရှိ☐	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ☑
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ☑ သင့်☐ နည်း☐ မရှိ☑	လွယ်☑ ခက်☐ အသုံးမပြုနိုင်ပါ☐

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ☐ သင့်☐ နည်း☐ မရှိ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ မြေးခံဘော်ကျေးရွာတွင် သစ်တောနှင့် မြစ်ချောင်းများအမြဲပြုပြီး နေထိုင်ကြသည်။ အိမ်ဆောက်ရန်အတွက် သစ်နှင့် မြစ်ချောင်းမှအလွယ်တကူရရှိသည့် ငါး၊ သဲ၊ ကျောက်၊ ဆေးဖက်ဝင်အပင်များနှင့် တောင်ရိုင်းတိရိစ္ဆာန်များလည်းအသင်အတင့်ရှိသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	**၅**	**၁၈**	**၃၁**	**၅**

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ မြေးခံဘော်ကျေးရွာတွင် ကျေးရွာအိမ်ထောင်စု၏ (၅)အိမ်ခန့်သည် အဆင်ပြေသော အိမ်ထောင်စုများဖြစ်ကြပြီး၊ အလယ်အလတ်ရှိသော အိမ်ထောင်စုမှာ (၁၈) စု၊ ရှိသည့်အတွက် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် ငွေကြေး (သို့) ပစ္စည်း စသည်ဖြင့် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ပါလိမ့်မည်။ အိမ်ထောင်စု အများစုသည် ဥယျာဉ်ခြံကိုသာ အဓိကထား၍ လုပ်ကိုင်ကြပါသည်။ မပြေလည်သောအိမ်ထောင်စုများနှင့် အလွန်မပြေလည်သော အိမ်ထောင်စု (၉၃.၁၁%) မှာ မိသားစုစားဝတ်နေရေးအတွက် အခက်အခဲများ ရှိနေပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၁ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	-	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၃	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ၃ လုပ်အားခကြိုယူ = ၃
၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၈၉	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ၈၉ လုပ်အားခကြိုယူ = ၈၉

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ မြေးခံဘော်ရှိ ကျေးရွာသူ/သားများသည် မိုးရာသီတွင် ပညာရေး၊ ကျန်းမာရေးနှင့် အခြားအရေးပေါ်ကိစ္စများကြောင့် ငွေကြေးချေးယူကြပြီး ရာသီပေါ်သီးနှံများ ထွက်ချိန်တွင် ပြန်လည်ပေးဆပ်ကြသည်။ မည်သို့ပင်ငွေကြေးကြပ်တည်းမှု ရှိစေကာမူ ချေးယူခြင်း ဖြင့် ဝမ်းစာရေးကို ဖြေရှင်းကြပါသည်။ လျော့စားခြင်း မရှိပါ။

(၄-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	-		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	-		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မြေးခံဘော်ကျေးရွာတွင် မိသားစုစောင့်ရှောက်မှု မရှိသော သက်ကြီးရွယ်အို အနည်းငယ်သာရှိသော်လည်း ကျေးရွာရှိ ရွာသူ/သားများသည် မိသားစုသဖွယ် ချစ်ချစ်ခင်ခင် စည်းလုံးစွာနေထိုင်ကြသဖြင့် ထိခိုက်သက်ရောက်မှုအခြေအနေများမရှိပါ။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ ဓိုက်ပျိုးရေ)	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၆	မုန်တိုင်း	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၇	ငလျင်	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐
၈	မီးဘေး	မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☐
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐
၁၂	ဌက်ဖျားရောဂါ	မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် တိရစ္ဆာန်ကူးစက်ရောဂါမှာ တစ်ခါတစ်ရံဖြစ်ပွါးပါသည်။ မိုးခေါင်မှုနှင့် သစ်တောပြုန်းတီးမှုမှာ တစ်နှစ်ထက်တစ်နှစ် ဖြစ်ပွါးမှုနှုန်းမြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ပြည်တွင်း (ဒေသတွင်း) ပဋိပက္ခ ဖြစ်ပွါးမှုမှာ (၂၀၁၂) နောက်ပိုင်းတွင် ကျဆင်းလာပြီး တည်ငြိမ်မှု ပိုမိုတိုးတက်လာသည်။ မီးဘေးအန္တရာယ်မှာ တစ်ခါတစ်ရံ တောမီးလောင်မှုများ ဖြစ်ပွါးမှုရှိပြီး ဥယာဉ်ခြံ ပိုင်ရှင်များသာ အနည်းငယ် ထိခိုက်မှုများ ရှိပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် ☐ လတ် ☑နိမ့်☐ မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐ လတ် ☑နိမ့်☐ မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐ လတ် ☑နိမ့်☐ မရှိ ☐

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐ လတ် ☑နိမ့်☐ မရှိ ☐
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၅	ဆေးစွဲသူများ	မြင့် ☐ လတ် ☐ နိမ့်☑မရှိ ☐
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐ လတ် ☐ နိမ့်☑မရှိ ☐
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐ လတ် ☐ နိမ့်☑မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မြေးခံဘော်ကျေးရွာတွင် ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် သူများ ဆိုးဆိုးဝါးဝါးမရှိပါ။ သို့သော် ကျန်းမာရေးနှင့် ထိခိုက်မတော်တမှုများ ထည့်သွင်းတွက်ချက်ပါက အလယ်လတ်ဆင့်တွင်ရှိပါသည်။ မီးဘေးအန္တရာယ်မှာ တစ်ခါတစ်ရံ တောမီးလောင်မှုများ ဖြစ်ပွါးမှု ရှိပြီး ဥယာဉ်ခြံ ပိုင်ရှင်များသာ အနည်းငယ် ထိခိုက်မှုများ ရှိပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာ တစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာ တစ်ခုကို သာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာ တစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	အသင်းတော်	၁☐ ၂☐ ၃☑	-	-	-	ပညာရေး ☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၂	လူငယ်အဖွဲ့	၁☐ ၂☑ ၃☑	-	-	-	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၃	မိန်းမကြီး/ကာလသား/သမီးအဖွဲ့	၁☐ ၂☐ ၃☑	-	-	-	ပညာရေး ☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ မြေးခံဘောသင်းတော်အနေဖြင့် ပင်မအဖွဲ့ဖြစ်သည်။ ကျေးရွာတွင် လူငယ်အဖွဲ့၊အမျိုးသမီးဖွဲ့များရှိပြီး ရွာ၏သာရေး၊နာရေး၊ယဉ်ကျေးမှုဆိုင်ရာ ကိစ္စများအား ဝိုင်းဝန်းလုပ်ဆောင်ကြရသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များ နှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်)
၁	World Vision	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☑ ဘာသာရေး☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ ဖွံ့ဖြိုးရေး ☑
၂	TNRP	၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ☑

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။မြေးခံဘော်ကျေးရွာသို့ ဖွံ့ဖြိုးရေးလုပ်ငန်းလာရောက်ကြသော အဖွဲ့အစည်းများမှ ၄င်းတို့၏အဓိကလုပ်ငန်းများအား လုပ်ဆောင်ကြပြီး ကျေးရွာသူ/သားများမှလည်း ပါဝင်ကူညီပေးကြပါသည်။ မြေးခံဘော်ကျေးရွာတွင် လူထုအခြေပြုအဖွဲ့အစည်းများအနေဖြင့် (World Vision, TNRP) အဖွဲ့အစည်း (၂)ခုသာရှိသည့်အတွက် ကျေးရွာအတွက် အဖက်ဖက်မှ ဝိုင်းဝန်းထောက်ပံ့ပေးနေသည့် အခြားအဖွဲ့အစည်းများနှင့်ချိတ်ဆက်ရန် လိုအပ်နေပါသည်။

(ခ) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား:	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၁၆	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၄၂	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၁၂၀	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၉၀	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၆၁	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း:		**၃၂၉**	☒

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ မြေးခံဘော်ကျေးရွာတွင် တစ်ဦးလျှင် မြေဧက(၅)ဧကနှင့်အထက်ရှိပြီး အစိုးရမှ ထုတ်ပေးသည့် (တရားဝင်မြေယာလုပ်ပိုင်ခွင့်) နည်းပါးသည်။ ရာသီပေါ်သီးနှံများအပြင် ကွမ်းသီးနှင့် နှစ်ရှည်သီးပင်များ အဓိကထား စိုက်ပျိုးသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☑
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☑
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☑
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☑
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☑
၆	လက်ဝင်ရေတွင်း		တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☑
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☑
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး☑ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☑ မရှိ☐ မဖြေဆိုပါ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ မြေးခံဘော်ကျေးရွာ၏ စိုက်ပျိုးရေးလုပ်ငန်းများတွင် မိုးရေနှင့် ချောင်းဖြင့် အဓိက အားထား စိုက်ပျိုးကြပြီး ရေသွင်းစိုက်ပျိုးနိုင်မည့် ရေအရင်းအမြစ်များ မရှိပေ။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧက အထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျှမ်းမျှ	မှ	ထိ		
ကွမ်းသီး		ပိဿာ				၅	၈	မြင့်☐လတ်☑နိမ့်☐	မြင့်☐လတ်☑နိမ့်☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကွမ်းသီးအားအဓိကထား စိုက်ပျိုးပြီး သီးထပ်၊သီးညှပ်နှင့် "ဝ"ဥကို စိုက်ပျိုးထုတ်လုပ်သည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်
ထွန်စက်	-	-	-	-
လက်တွန်းထွန်စက်	-	-	-	-
အစေ့ချ ကိရိယာ	-	-	-	-
ရိတ်သိမ်းခြွေလှေ့စက်	-	-	-	-
ရိတ်သိမ်းစက်	-	-	-	-
ခြွေလှေ့စက်	၁	-	-	-
ရေစုပ်စက်	-	-	-	-
ခြေနင်းရေတင်စက်	-	-	-	-
မြက်ရိတ်စက်	၃၅၀	-	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ တစ်အိမ်ထောင်လျှင် အနည်းဆုံးမြက်ရိတ်စက်(၁)လုံးစီ ပိုင်ဆိုင်ကြပြီး တောင်ယာစပါးခြွေလှေ့ရန် ခြွေလှေ့စက်(၁)လုံးနှင့် အခြားစက်ကိရိယာများ ငှားရမ်း အသုံးပြုခြင်း မရှိပါ။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ ☐
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ ☐
စိုက်ပျိုးရေ အရင်းအမြစ်	ပေါများ ☐ အသင့်အတင့်ရှိ☐ မဖြေဆိုပါ ☑
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည်☐ ရသည်☐ မဖြေဆိုပါ ☑
သီးနှံမျိုးစေ့ ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည်☑ မဖြေဆိုပါ☐
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာ နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ☐
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ ☐

အခွင့်အလမ်း	**ဖော်ပြချက်/ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
လုပ်သားရရှိနိုင်မှု	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☐ မဖြေဆိုပါ ☑
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☐ မဖြေဆိုပါ☑
သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ သီးနှံများကို ရောင်းချနိုင်သည်☑ မဖြေဆိုပါ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

လေ့လာတွေ့ရှိချက်။ ။ သီးနှံအထွက်နှုန်းတိုးစေရန်အတွက် မိုးရေကိုသာ အဓိက အားထားရပြီး၊ လက်ရှိ ရှိနေသော တောင်ယာမြေအသုံးချနိုင်မှု အသင့်အတင့်အခြေအနေတွင် ရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်းအတွက် နည်းပညာနှင့် စက်ကိရိယာများလိုအပ်သည်။ စိုက်ပျိုးရေးကဏ္ဍ တိုးတက်ကောင်းမွန်ရန်အတွက် ချေးငွေရရှိရန် လိုအပ်သည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	**ဖော်ပြချက်/ရှင်းလင်းချက်** (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန်☐ မဖြေဆိုပါ☐
လယ်ယာမြေ အသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ☐ လယ်ယာမြေဆုံးရှုံးမှုများသည် ☐ လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် ☑ ပလပ်မြေများရှိသည် ☐ ပလပ်မြေအသင့်အတင့်ရှိသည် ☐ မဖြေဆိုပါ ☐
စိုက်ပျိုးရေ အရင်းအမြစ်	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐
သီးနှံမျိုးစေ့ ရရှိနိုင်မှု	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☑ မဖြေဆိုပါ ☐
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☑ မဖြေဆိုပါ ☐
သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☐

ပြဿနာနှင့်အခက်အခဲများ	**ဖော်ပြချက်/ရှင်းလင်းချက်** (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
	သီးနှံများကိုရောင်းချရန်ဈေးကွက်မရှိပါ ☑ မဖြေဆိုပါ ☐
ဖျက်ပိုးနှင့် ရောဂါကျရောက်မှု	ဆိုးရွားစွာကျ ☐ အသင့်အတင့်ကျ ☑ အနည်းငယ် ☐ မဖြေဆိုပါ ☐

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ မြေးခံဘော်ကျေးရွာတွင် စိုက်ပျိုးမြေများလည်း တိုးချဲ့နိုင်ပြီး မြေဆီသြဇာအခြေအနေမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ ချေးငွေကိုလည်း အတိုးနှုန်း မြင့်မားစွာဖြင့် ချေးယူကြရပါသည်။ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာများမှာ ဥယျာဉ်ခြံအတွင်း ကြွက်၊ ရှဉ့်ကဲ့သို့သော ဖျက်ပိုးကောင်များ ဖျက်ဆီးခြင်း၊ စိုက်ပျိုးနည်းစနစ်အတိုင်း လိုက်ပါ လုပ်ဆောင်နိုင်မှုအားနည်းခြင်း၊ စိုက်ပျိုးရေအရင်းအမြစ် အလွယ်တကူမရရှိနိုင်ခြင်း၊ ဥယျာဉ်ခြံ စိုက်ပျိုးသူများအတွက် ချေးငွေမရရှိနိုင်ခြင်း စသည်တို့ရှိသည့်အတွက် စိုက်ပျိုးရေး နည်းပညာပေး သင်တန်း၊ ပိုးမွှားရောဂါကာကွယ်ရေးနှင့် သက်ဆိုင်သည့်သင်တန်း၊ ကာလရှည်ချေးငွေများ လိုအပ်နေပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	**မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု**	**ကောင်ရေ**
မွေးမြူရေး		
နွား	-	-
နို့စားနွား	-	-
ကျွဲ	-	-
မြင်း	-	-
မြည်း	-	-
လား	-	-
ဆိတ်	-	-
သိုး	-	-
ဝက်	၁၅၀	၁၈၀
ကြွက်	-	-
ဘဲ	၃	၁၀
နွားနောက်	-	-
ငါးလုပ်ငန်း		
ငါးကန်	-	-
ပုဇွန်ကန်	-	-

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
ဂဏန်းမွေးမြူရေးလုပ်ငန်း	-	-
ရေချို ငါးဖမ်းလုပ်ငန်း	-	-
ကမ်းလွန် ငါးဖမ်းလုပ်ငန်း	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မြေးခံဘော်ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းအား မိသားစုစားသုံးရန်အတွက် မွေးမြူကြပြီး စီးပွားအဖြစ် မွေးမြူခြင်းမရှိပါ။ တိရိစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှုရှိသည့်အတွက် မွေးမြူရေးနှင့်ကုသရေးဆိုင်ရာ နည်းပညာဝန်ဆောင်မှုများနှင့် ရောဂါ ကာကွယ်နည်းဆိုင်ရာ သင်တန်းများပံ့ပိုးပေးပါက စီးပွားဖြစ်မွေးမြူရေး လုပ်ဆောင်နိုင်ကြပါမည်။

(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/ ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
မွေးမြူရေး	
စားကျက်မြေ	ပေါများ ☑ အသင့်အတင့် ☐ မဖြေဆိုပါ ☐
ရေရရှိမှု	အလုံအလောက်ရနိုင် ☑ အသင့်အတင့်ရနိုင်☐ မဖြေဆိုပါ ☐
မျိုးတိရစ္ဆာန် လက်လှမ်းမီမှု	မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာဝယ်ယူ ရနိုင် ☐ မျိုးကောင်းတိရစ္ဆာန်များ အသင့်အတင့်ဝယ်ယူ ရနိုင် ☑ မဖြေဆိုပါ ☐
ချေးငွေ	ချေးငွေလွယ်ကူစွာရနိုင်☐ ချေးငွေ အသင့်အတင့်ရနိုင်☑ မဖြေဆိုပါ ☐
သွင်းအားစု (မွေးမြူရေး အစာ၊ဆေးစသည်)ဈေးကွက်	သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သွင်းအားစုများ ဝယ်ယူနိုင်သည် ☑ မဖြေဆိုပါ ☐
ဝန်ဆောင်မှု နှင့် နည်းပညာပံ့ပိုးမှု	နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ ရနိုင်သည်။ ☐ နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည်။ ☐ မဖြေဆိုပါ ☐
ထုတ်ကုန် ရောင်းဝယ်မှု	ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ ထုတ်ကုန်များကို ရောင်းချနိုင်သည် ☐ မဖြေဆိုပါ ☐
အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု	အလုံအလောက်ရှိသည်☐ အသင့်အတင့်ရှိသည်☑ မဖြေဆိုပါ☐
ငါးလုပ်ငန်း	
ငါး/ပုဇွန်မွေးမြူရန် ရေမြေအနေအထား	အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ☐ မဖြေဆိုပါ ☑
ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု	လိုသလောက် လွယ်ကူစွာ ဝယ်ယူရရှိနိုင်သည်☐ ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ ☑
ချေးငွေ	လိုသလောက် လွယ်ကူစွာ ချေးငွေရရှိနိုင်သည်☐ ချေးငွေရနိုင်သည် ☐ မဖြေဆိုပါ ☐
သွင်းအားစု လက်လှမ်းမီမှု	သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သွင်းအားစုများ ဝယ်ယူနိုင်သည် ☐ မဖြေဆိုပါ ☐

အခွင့်အလမ်း	**ဖော်ပြချက်/ ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ ရနိုင်သည်။ ☐ နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည်။ ☐ မဖြေဆိုပါ☑
ထုတ်ကုန် ရောင်းဝယ်မှု	ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ ထုတ်ကုန်များကို ရောင်းချနိုင်သည် ☐ မဖြေဆိုပါ ☐
ငါးဖမ်းခွင့် ရရှိနိုင်မှု	လွယ်ကူသည်☐ အသင့်အတင့် လွယ်ကူသည် ☐ မဖြေဆိုပါ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မြေးခံဘော်ကျေးရွာသည် စားကျက်မြေ အသင့်တင့်ရှိပြီး မွေးမြူရေးအတွက် ရေအလုံအလောက်ရှိသည့်အတွက် စီးပွားဖြစ်မွေးမြူမည်ဆိုပါက အဆင်ပြေနိုင်မည်ဖြစ်ပြီး မွေးမြူရေးလုပ်ငန်းအား မိသားစုစားသုံးရန်အတွက် မွေးမြူကြပြီး စီးပွားအဖြစ် မွေးမြူခြင်းမရှိပါ။

(၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာနှင့်အခက်အခဲများ	**ဖော်ပြချက်/ ရှင်းလင်းချက်** (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ ဇယား ၂၀ နှင့် ၂၁ ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟု ယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။)
မွေးမြူရေး	
စားကျက်မြေ	စားကျက်မြေ ရှားပါးသည် ☐ စားကျက်မြေ လုံးဝမရှိပါ ☐ မဖြေဆိုပါ ☐
ရေရရှိမှု	ရေ ရှားပါးသည်☐ ရေ လုံးဝမရှိပါ☐ မဖြေဆိုပါ ☐
မျိုးတိရစ္ဆာန် လက်လှမ်းမီမှု	မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာ ဝယ်ယူ မရနိုင်ပါ ☑ မျိုးကောင်းတိရစ္ဆာန်များ လုံးဝ ဝယ်ယူ မရပါ ☐ မဖြေဆိုပါ ☐
ချေးငွေ	ချေးငွေလွယ်ကူစွာ မရနိုင်ပါ ☑ ချေးငွေ လုံးဝ မရပါ ☐ မဖြေဆိုပါ ☐
သွင်းအားစု (မွေးမြူရေး အစာ၊ ဆေး စသည်) ဈေးကွက်	သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူ မရနိုင်ပါ ☑ သွင်းအားစုများ လုံးဝ ဝယ်ယူမရပါ ☐ မဖြေဆိုပါ ☐
ဝန်ဆောင်မှုနှင့် နည်းပညာ ပံ့ပိုးမှု	နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ မရနိုင်ပါ☐ နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ မရပါ ☑ မဖြေဆိုပါ ☐
ထုတ်ကုန် ရောင်းဝယ်မှု	ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☐ ထုတ်ကုန်များကို မရောင်းချနိုင်ပါ ☐ မဖြေဆိုပါ☑
အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု	အလုံအလောက်မရှိပါ ☐ လုံးဝ မရှိပါ ☐ မဖြေဆိုပါ☐
ငါးလုပ်ငန်း	
ငါး/ပုဇွန်မွေးမြူရန် ရေမြေအနေအထား	ရေမြေအနေအထား မကောင်းပါ ☑ မဖြေဆိုပါ ☐
ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု	လိုသလောက် လွယ်ကူစွာ ဝယ်ယူမရပါ☐ လုံးဝ ဝယ်ယူမရပါ ☑ မဖြေဆိုပါ ☐
ချေးငွေ	လိုသလောက် လွယ်ကူစွာ ချေးငွေမရပါ ☐ လုံးဝချေးငွေမရပါ ☑ မဖြေဆိုပါ ☐

ပြဿနာနှင့်အခက်အခဲများ	**ဖော်ပြချက်/ ရှင်းလင်းချက်** (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ ဇယား ၂၀ နှင့် ၂၁ ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟု ယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။)
သွင်းအားစု လက်လှမ်းမီမှု	သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူမရပါ ☐သွင်းအားစုများ ဝယ်ယူမရပါ ☑ မဖြေဆိုပါ ☑
နည်းပညာ အကူ အညီနှင့် နည်းလမ်းများ	နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူ မရပါ ☐ နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ မရပါ ☑ မဖြေဆိုပါ ☐
ထုတ်ကုန် ရောင်းဝယ်မှု	ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☐ ထုတ်ကုန်များကို လုံးဝ မရောင်းချနိုင်ပါ ☐ မဖြေဆိုပါ ☑
ငါးဖမ်းခွင့် ရရှိနိုင်မှု	မလွယ်ကူပါ ☐ မဖြေဆိုပါ ☑

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ မြေးခံဘော်ကျေးရွာတွင် မွေးမြူရေးသော်လည်းကောင်း ၊ စိုက်ပျိုးရေးသော်လည်းကောင်း မိသားစု တစ်နိုင်တစ်ပိုင်လုပ်ကိုင်ကြပြီး စီးပွားအဖြစ် လုပ်ကိုင်ရန် စိတ်ဝင်စားမှုနည်းပါးသည်။ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာမှာ မျိုးကောင်းတိရိစ္ဆာန်များလွယ်ကူစွာ ဝယ်ယူမရရှိခြင်း၊ ငါး/ပုဇွန်သားပေါက်များ လုံးဝ ဝယ်ယူ၍မရသော အခြေအနေများ၊ နည်းပညာလက်လှမ်းမမီခြင်းများ ရှိနေသည့်အတွက် မွေးမြူရေးနှင့် ကုသရေးဆိုင်ရာ နည်းပညာပေးသင်တန်းများ လိုအပ်နေပါသည်။

(ခ-၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

(၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

